# မြန်မာ့အလင်း

၁၂၅၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၇၉)

## နိုင်ငံတော်အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှ ပြည်သူနဲ့ လက်တွဲပြီး ချေမှုန်း

နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်နဲ့ မည်သည့်စီးပွားရေးစနစ်တွေ ကျင့်သုံးသည်ဖြစ်စေ အခြေခံလိုအပ်ချက်ကတော့ နိုင်ငံတော် အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးပဲဖြစ်ကြောင်း ပြောကြားလိုတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်ရဲ့ အန္တရာယ်မှန်သမျှကို ပြည်သူတို့နဲ့အတူ လက်တွဲပြီး ချေမှုန်းကြရမယ်။

နိုင်ငံတော်အပေါ်ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့ လက်တွဲပြီး ချေမှုန်းနိုင်ဖို့အတွက် ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်ဖြစ်ဖို့ လိုတယ်။ ဒို့တပ်မတော်ဟာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကို ခံယူကြရမယ်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)



# ပြည်သူတစ်ရပ်လုံး တပ်မတော်နှင့် တစ်သွေးတည်း တစ်သားတည်းလက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေမှုဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး ကျရာတာဝန်များ ကျေပွန်စွာထမ်းဆောင်

## တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၆၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

တိုင်းရင်းသားပြည်သူအားလုံးက တပ်မတော်နဲ့တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲကာ ဖက်ဆစ်အန္တရာယ်ကို ချေမှုန်းခဲ့ကြပြီး သမိုင်းမော်ကွန်းရေးထိုးခဲ့ကြတဲ့ (၆၁)နှစ်မြောက်တပ်မတော်နေ့မှာ မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၈ ရက်)

## နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွား ထာဝစဉ် ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်

**“ပြည်သူလူထုရဲ့ဘဝမြင့်မားလာဖို့ ပြည်သူ့အကျိုးစီးပွားကို ထမ်းဆောင်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေပါ အကျုံးဝင်တယ်။ ဒါတွေဟာ မျိုးချစ်တပ်မတော်ရဲ့ အနှစ်သာရတာဝန်လို့ပဲ ဆိုရမယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်သူလူထု တစ်ရပ်လုံးကို ကိုယ်စားပြုနေရမယ်။ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်အကျွေးပြုနေရမယ်။ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ ငါတို့တပ်မတော်ဟာ ပြည်သူလူထုအတွက်ပဲဖြစ်ရမယ်။”**

ဟူ၍ နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ကြားခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့၌ တိုင်းရင်းသားပြည်သူတို့နှင့်အတူ တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲပြီး ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်မှာ ၂၀၀၆ခုနှစ် မတ်လ ၂၇ရက်နေ့တွင် (၆၁)နှစ် ရှိခဲ့ပြီဖြစ်သည်။ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး ထိုကာလတွင် လူအင်အား၊ လက်နက်အင်အား သာလွန်သော ဖက်ဆစ်တို့နှင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရာ တပ်မတော်နှင့်ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားကြောင့် အောင်ပွဲအလီလီ ရရှိခဲ့ကြသည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါ်ထွန်းလာခဲ့ပြီး တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်ရှိသော တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

တပ်မတော်၏ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည်ပြည့်ဝမှု၊ မျိုးချစ်စိတ် ထက်သန်မှုနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုတို့ဖြင့် ပေါင်းစည်းကြိုးပမ်းခဲ့ရာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

တပ်မတော်သည် ခေတ်အဆက်ဆက်၌ နိုင်ငံတော်တွင် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးနှင့် ကြုံတွေ့ရတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်။

ထို့ကြောင့်လည်း တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ဖွဲ လုံ့ လဝီရိယရှိခြင်းနှင့် ဒို့တာဝန် အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်ခြင်း ဟူသည့် အစဉ်အလာကောင်း (၁၂)ရပ်ဖြင့် ပြည့်စုံသည့် တပ်မတော်အဖြစ် ရပ်တည်ရှင်သန်လျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရသည် တပ်မတော်ကိုမဏ္ဍိုင်ပြု၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထာဝရတည်တံ့ခိုင်မြဲအောင် ကာကွယ်ရင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထား ကြိုးပမ်းတည်ဆောက်ခဲ့ရာ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၏ အနှစ်သာရများ လွှမ်းခြုံဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြင့်မားလာရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိနေပြီ ဖြစ်သည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသော မြန်မာ့တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်ရင်း နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ဖြစ်ပါကြောင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တောင်အာရှဒေသ၏ ထိပ်တန်းပြိုင်ဘက်နှစ်နိုင်ငံ ငြိမ်းချမ်းရေးလမ်းမှာ လျှောက်လှမ်းကြပြီ

အစ္စလမ္မာဘတ် မတ် ၂၇

**တောင်အာရှဒေသ၏ ထိပ်သီးပြိုင်ဘက်နှစ်နိုင်ငံဖြစ်သော ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ငြိမ်းချမ်းရေးလမ်းမှာ လျှောက်လှမ်းကြပြီဖြစ်ကြောင်း၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းအား ပါကစ္စတန်နိုင်ငံက နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေး ခေတ်သစ်ကို ဖော်ဆောင်ပေးသူအဖြစ် ကြိုဆိုလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ မတ် ၂၄ရက်က ဖော်ပြသည်။**



**အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်။**

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အိန္ဒိယနှင့် ပါကစ္စတန် အကြား ဘတ်စ်ကားလိုင်းသစ်ပြေးဆွဲမှု ဖွင့်လှစ်ခဲ့သည့်အခမ်းအနားတွင်အစ္စလမ္မာဘတ်သို့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာ စာချုပ်တစ်ရပ်ကို ပေးပို့ခဲ့ကြောင်း သိရသည်။

### ချီးကျူး

မန်မိုဟန်ဆင်းသည် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်အား အကြမ်းဖက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒကို ထိန်းချုပ်ရန် ဆောင်ရွက်ခဲ့မှုအပေါ် ချီးကျူးစကားဆိုလိုက်သည်။

အိန္ဒိယနိုင်ငံ၏ ကမ်းလှမ်းချက်သည် အပြုသဘောဆောင်သည့် သဘောထားခံယူချက်များက ရောင်ပြန်ဟပ်စေခဲ့ပြီဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားလိုက်သည်။

ယင်းသည်နယူးဒေလီက လိုလားနေသော ဂျမ္မူးနှင့်ကက်ရှ်မီးယား ပြဿနာအပေါ် ရှေ့သို့ဆောင်ရွက်ရန်အတွက် အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ကြောင်း ပါကစ္စတန်၏ကြေညာချက်၌ ဖော်ပြထားသည်။ အဆိုပါနှစ်နိုင်ငံသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှစပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကို စတင်ဖော်ဆောင်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့နှင့် ပါကစ္စတန်နိုင်ငံ နန်ကာနာဆာဟစ် မြို့တို့အကြားဘတ်စ်ကားလိုင်းသစ် ပြေးဆွဲခြင်းဖြင့်ယုံကြည်မှု တည်ဆောက်ရေးအစီအမံများကို ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။

**(အင်တာနက်)**

## နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းဒင်္ဂါးပြား



**ကမ္ဘာ့အကြီးဆုံး ရှေးဟောင်းဒင်္ဂါးပြားကြီးကို ကလေးငယ်တစ်ဦးနှင့်အတူ ယှဉ်၍ တွေ့ရစဉ်။**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ကျင်မင်းဆက်အုပ်စိုးခဲ့သော (၁၆၄၄-၁၉၁၁)ခေတ်ကာလက ဒင်္ဂါးပြားကြီးကို ဒေါင်းချွမ်စီရင်စုနယ်မှ ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကျင်မင်းဆက်ခေတ်က ဒေါင်းချွမ်စီရင်စုနယ် ဒင်္ဂါးပြားများသွန်းလုပ်ခြင်းအဖွဲ့၏ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သွန်းလုပ်ခဲ့ခြင်း ဖြစ်နိုင်သည်ဟု ပညာရှင်များက ယုံကြည်ကြသည်။ ယင်းဒင်္ဂါးပြားကြီးသည် အထူ ၃ဒသမ ၅စင်တီမီတာ အလေးချိန် ၄၁ဒသမ ၄၇ကီလိုဂရမ်နှင့် စက်ဝိုင်းအချင်း ၅၈စင်တီမီတာရှိကာ ကမ္ဘာ့အကြီးဆုံး ဒင်္ဂါးပြားကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။

**(အင်တာနက်)**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ဘီစီ ၈၀၀၀ခန့်က မြေအိုးများ



**လွန်ခဲ့သော ဘီစီ ၈၀၀၀ခန့်က မြေအိုးနှင့် အသုံးအဆောင်များကို ပြသထားစဉ်။**

အီတလီနိုင်ငံ ရောမမြို့အနီး မြေအောက်မှ တူးဖော်တွေ့ရှိရခြင်း ဖြစ်ပြီး ရှေးအကျဆုံး မြေအိုးနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်ရာ သုတေသန ပညာရှင်များက ကြေးခေတ်ထက် ရှေးကျသော လူသားတို့၏ အသုံးအဆောင် ပစ္စည်းများ ဖြစ်သည်ဟု ခန့်မှန်းပြောကြားသည်။

**(အင်တာနက်)**

## ( ၆၁ ) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# သူရဲကောင်း စစ်သည်တော်များသို့

ကျွန်တော် အမှတ်(၆၂) ခြေလျင်တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်ခံရပြီးတဲ့နောက် ၁၈-၉-၁၉၉၃ရက်မှာ နယ်မြေတာဝန်ခံ စစ်ဗျူဟာမှူးအား သွားရောက်သတင်းပို့ခဲ့ပါတယ်။ စစ်ဗျူဟာမှူးက ကျွန်တော့်မျက်နှာကို သူ့ရဲ့စူးရှတဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး ပထမဦးဆုံး မေးလိုက်တဲ့ မေးခွန်းကတော့ "မင်းအသက် ဘယ်လောက်ရှိပြီလဲ" ဟူ၍ ဖြစ်ပါတယ်။

ကျွန်တော်က "၃၈နှစ်ပါခင်ဗျာ" လို့ ဖြေလိုက်တော့ စစ်ဗျူဟာမှူးက "မင်းက မကြီးမငယ်ပဲ" လို့ ပြောပါတယ်။ ကျွန်တော်က ဗျူဟာမှူးကြီး ပေးအပ်သော တာဝန်များကို မဆုတ်မနစ် ထမ်းဆောင်ပါ့မယ်လို့ ပြောခဲ့ပါတယ်။ အဲဒီကစပြီး ဆရာရင်း၊ တပည့်ရင်းပမာ ဖြစ်သွားခဲ့ပါတယ်။ ထိုစဉ်က ကျွန်တော့်ဆရာ စစ်ဗျူဟာမှူးဟာ အလွန်ထူးဆန်းပါတယ်။ တပ်မတော်မှာ အဆင့်မြင့်စွမ်းရည်ဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ယခု လူ့လောကမှာ မရှိတော့ပါ။ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း သူကျဆုံးသွားခဲ့ပါပြီ။ ကျွန်တော့်ရင်ထဲမှာတော့ သူအမြဲရှိနေဆဲပဲ ဖြစ်ပါတယ်။

တစ်ရက်မှာ သူက ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ ကျွန်တော် သံဖြူဇရပ်မြို့မှာ မာဇဒါဂျစ်နဲ့သွားပြီး သတင်းပို့တဲ့အခါ ကားသမားထားခဲ့၊ မင်းကိုယ်တိုင်မောင်းပြီး ငါ့ကို မြို့ထဲလိုက်ပို့လို့ အမိန့်ပေးတဲ့အတွက် ကျွန်တော်ကိုယ်တိုင် ကားမောင်းကာ စစ်ဗျူဟာမှူးကို တင်ခေါ်သွားခဲ့ရပါတယ်။ ကံမကောင်းစွာဘဲ မြို့လယ်ရောက်တဲ့အခါ စစ်ဗျူဟာမှူးရဲ့ ကွပ်ကဲမှုအစီအစဉ်နဲ့ မြို့နယ်စည်ပင်ဖွံ့ဖြိုးရေးလုပ်ဖို့ စုဆောင်းထားတဲ့ ကတ္တရာပုံးတွေကို ကျွန်တော့်တပ်က ရဲဘော်တွေ ဝိုင်းသယ်နေတာနဲ့ ပက်ပင်းသွားတိုးပါတော့တယ်။ အဲဒီမှာ စစ်ဗျူဟာမှူးက ကျွန်တော့်ကို စစ်သားစကားတစ်ခွန်းပြောပြီး လမ်းမှန်ရောက်အောင် သွန်သင်ညွှန်ပြပေးခဲ့ပါတယ်။ "အုန်းမြင့် မင်းဘာလုပ်တာလဲ" လို့ မေးလျှင်မေးချင်း ကျွန်တော်ကလဲ ရိုးသားစွာ ပြန်ဖြေခဲ့ပါတယ်။ "ဗျူဟာမှူးကြီးချပေးထားတဲ့ ကတ္တရာနဲ့ မလောက်လို့ ခုလိုလုပ်မိတာပါခင်ဗျာ" လို့ ဖြစ်ပါတယ်။ စစ်ဗျူဟာမှူးကြီး တော်တော် ဒေါသထွက်သွားပါတယ်။ မျက်နှာနီရဲသွားပါတယ်။ သူသာ ဆက်စိတ်ဆိုးရင် ကျွန်တော် ပြာပုံဘဝရောက်သွားနိုင်ပါတယ်။ ပြီးတော့မှ သူရယ်ပါတယ်။ "မင်းက စစ်သားတော့စစ်သားပဲ၊ ဒါပေမယ့် ဥပဒေနှင့်အညီ မလုပ်တတ်တဲ့စစ်သား၊ ပြောင်ပြောင်ပြော၊ လိုရင်ငါထပ်ပေးမှာပေါ့" ဆိုပြီး ကျွန်တော်ကိုပြောတော့ ကျွန်တော်က "စစ်သားဆိုတာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အသက်ကို စွန့်ပါမယ်လို့ နိုင်ငံတော်အလံကိုကိုင်ပြီး သစ္စာဆိုခဲ့ပြီးမှ စစ်သားဖြစ်ခဲ့တာပါ ခင်ဗျာ။ ခုလိုလုပ်ရတာက ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ တပ်တွင်း လမ်းတွေခင်းဖို့၊ မြို့တွင်းလမ်းတွေ ခင်းဖို့ပါ ခင်ဗျာ" ဆိုတော့ သူက ထပ်ရယ်ပါတယ်။ "တပ်မတော်သားဆိုတာ တိုင်းပြည်အတွက်ပါပဲကွာ။ ဒါပေမယ့် ဥပဒေနဲ့မညီတာ မလုပ်ရဘူးကွ။ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိကြဘူး။ အဲဒါ ငါပြောတာမဟုတ်ဘူး။ နိုင်ငံတော်အကြီးအကဲက မိန့်ကြားထားတာ။ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးကအစ တို့တစ်တွေအားလုံး ဥပဒေနဲ့အညီနေကြတဲ့သူတွေ ဖြစ်တယ်" လို့ပြောတော့ ကျွန်တော်က ဟုတ်ကဲ့ ခင်ဗျာနဲ့ သင်ခန်းစာတစ်ခု ယူခဲ့ရပါတယ်။

လူ့ဘဝသံသရာဆိုတာ တစ်ခါတစ်ရံမှာ အံ့သြဖွယ်ရာပါပဲ။ ကျွန်တော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကို ရောက်ပြီး နည်းပြအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလမှာ ကျွန်တော့်ဆရာနဲ့ ပြန်ဆုံပါတယ်။ သူသတိရတိုင်း ကျွန်တော့်ကိုခေါ်ပြီး ငါတာဝန်ပေးသမျှ မင်းလုပ်ခဲ့တာတွေ သတိရနေတယ်ကွာလို့ပြောတိုင်း ကျွန်တော်ရင်နဲ့အမျှ ဝမ်းမြောက်ကြည်နူးရပါတယ်။ "အဘခင်ဗျား တိုက်ပွဲတစ်ခုမှာ အဘက စက်ပေါ်မှာ ကိုယ်တိုင်ညွှန်ကြားပြီး အခုချက်ချင်း ရည်မှန်းချက်နေရာ တက်သိမ်းပါလို့" ညွှန်ကြားတဲ့အချိန်မှာ ကျွန်တော်က အဘ၊ ကျွန်တော့်မှာ ခုနစ်ဦးပဲ အနားမှာရှိတယ်။ ခဏစောင့်ပေးပါ ပြောတော့ အဘက "စစ်သားဆိုတာ တာဝန်ပေးအပ်လာရင် တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုတဲ့ စိတ်ဓာတ်နဲ့ တိုက်ပွဲဝင်ရတယ်။ အခုပဲဆက်လုပ်" ဆိုတဲ့ အမိန့်ရဲ့နောက်မှာ ကျွန်တော် ဒုတိယဗိုလ်မှူးကြီးတစ်ယောက်ဦးစီးပြီး စစ်သည်ခုနစ်ယောက်နဲ့ အပြေးတက်တက်ပြီး တိုက်ပွဲဝင်ခဲ့လို့ ရန်သူတွေတပ်လန်သွားပါတယ်လို့ မှတ်မှတ်ရရ ပြန်ပြောပြခဲ့မိပါတယ်။ အဲဒီတိုက်ပွဲမှာ အောင်ပွဲရခဲ့ပါတယ်။ ကုသိုလ်ကံကြောင့် ကျွန်တော်မသေခဲ့ပေမယ့် ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော် လေးယောက် တိုက်ပွဲမှာ ကျဆုံးခဲ့ပြီး ကျွန်တော်ကတော့ လယ်ကန်သင်းရိုး ဘေးမှာ ရှေးကအတိတ်ကံကြောင့် သေဘေးနဲ့လွဲခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော့်ဘဝမှာ ဒီလောက်နဲ့ပဲ ကျွန်တော့်ဆရာနဲ့ ကံဆုံခဲ့တယ်လို့ ထင်ခဲ့ရပေမယ့် ရှေးရှေးဘဝကရှိခဲ့ကြတဲ့ ပါရမီဖြည့်ဖက်များဖြစ်လို့ ကျွန်တော့်ဆရာက တိုင်းမှူး၊ ကျွန်တော်ကဗျူဟာမှူးဘဝနဲ့ ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ရပြန်ပါတယ်။ ကျွန်တော် အကြိမ်ပေါင်း မြောက်မြားစွာ တိုင်းကျိုးပြည်ပြု တည်ဆောက်ရေးလုပ်ငန်းတာဝန်တွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်တွေ ဆောင်ရွက်ခဲ့တိုင်း တစ်ခွန်းတည်းသော ဆရာ့ရဲ့စကားကို ကျွန်တော်ကြားယောင်နေမိပါတယ်။ "စစ်သားဟာ စစ်သားလိုနေရမယ်၊ စစ်သားဟာ စစ်သားလိုသေရဲရမယ်" တဲ့။

ဒီလိုနဲ့ ကျွန်တော့်ကိုတာဝန်တွေ အပ်နှင်းတိုင်း စစ်သားစကား ပြောလွန်းလို့ ကျွန်တော်က "အဘခင်ဗျား ကျွန်တော် ဗျူဟာမှူး အဆင့်သာ ရှိပါသေးတယ်၊ ထိုက်သင့်တဲ့တာဝန်သာပေးပါခင်ဗျာ" လို့ ပြောမိတော့ ကျွန်တော့်ကို ဆူတော့တာပါပဲ။ **" ပခုံးပေါ်မှာ အပွင့်တွေ တင်ပေးလိုက်တာဟာ နိုင်ငံတော်အတွက် ကြီးမားတဲ့ တာဝန်တွေ ထမ်းဆောင်ဖို့ပဲ။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနဲ့ ဒုတိယ ဗိုလ်ချုပ်မှူးကြီး အပါအဝင် ဒို့တပ်မတော်သားတွေအားလုံး တိုင်းပြည် မျက်နှာကိုပဲ ကြည့်တယ်။ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ အကျိုးစီးပွား အတွက်ကလွဲလို့ ဘာကိုမှ မစဉ်းစားဘူး။ ရင်ကို မြေကတုတ်လုပ်လို့ မဆုတ်မနစ် နိုင်ငံတော်ကို ကာကွယ်သွားမှာ ဒို့တပ်မတော်သားတွေနဲ့ ဒို့မျိုးချစ် တိုင်းရင်းသားတွေပါပဲကွာလို့"** ကျွန်တော့်ကို ပြောခဲ့ဖူးပါတယ်။

ဒါကြောင့်မို့လဲ ဖြူစင်မွန်မြတ်တဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲရဲ့ သွန်သင်ဆုံးမ ဩဝါဒတွေကို ကျွန်တော်တို့ သိရှိနားလည်လိုက်နာခံယူပြီး သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြတာ ဖြစ်ပါတယ်။ အခုခဏမဟုတ်ရပါဘူး။ ဘဝအဆက်ဆက်တိုင်းပြည်အတွက် ကာကွယ်ကြရမယ်၊ တည်ဆောက်ကြရမယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်သားများနဲ့ ပြည်သူများ ပူးပေါင်းပြီး မဆုတ်မနစ်၊ ဦးလည်မသုန် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့မွေးရပ်ဌာနေအမိမြေအား မိမိတို့ရဲ့စွမ်းအားဖြင့်သာ ကာကွယ် စောင့်ရှောက် တည်ဆောက်သင့်ပါကြောင်း တင်ပြရင်း ကျွန်တော့်အား စစ်သားကောင်းပီသအောင် သွန်သင်ဆုံးမပျိုးထောင်ပေးခဲ့တဲ့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေစွာဖြင့် တာဝန်ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်နေဆဲ ဖြစ်ပါတယ်။ အမှတ်တရ ဤဂုဏ်ပြုစာဖြင့် ကျွန်တော်ရဲ့ ဆရာဖြစ်သူကိုလည်း သတိတရ ဂါရဝပြုကန်တော့အပ်ပါတယ်။ ။

**အုန်းမြင့် (မဟာဝိဇ္ဇာ)**

## တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်



## ပြည်သူ့အတွက် သားစစ်သည်

* မြေအပြင် ရွှေစင်အောင်လို့
ရွှေအပင် ရွှေရင်ဖွင့်လေတော့
ရွှေပွင့်တို့ဝေခဲ့ပြီ---။

* လေအရိုင်းတွေက
ရစ်သိုင်းကာ မာန်ဖွဲ့ငြိုးတဲ့ပြင်
မိုးမင်း ဘယ်လိုထန်လည်း
ကြံ့ကြံ့ခံ စိတ်နှလုံးရယ်နဲ့
"တုံးဆိုလျှင် ပြေး၍တိုက်
ကျားဆိုက ကိုက်ပစေ
အမိုက်ရန် မှုန်းချေဖျက်စဉ်မတော့
လှေ့ခွက်ကျန် အလံမလှဲပါဘူး"
မာန်ဖွဲ့ ထိန်ထိန်ဝေတော့
မိန်နွေမှာ သိန်သရေဆန်းပါလို့
ပန်းပွင့်ခါမီ---။

* ပြည်သူ့အတွက် သားစစ်သည်
မြရည်မှာ ရွှေခြည်ဆင့်။
စစ်ချီတေး သံပြိုင်သီ
အောင်လံနီ ရဲရဲရင့်။
ဩော်--- သပြေခက်တွေနဲ့
ရွှေလက်ဝယ် နံ့သာခြယ်၍
မာလာနွယ်၊ စံပယ်၊ ဂမုန်းငုံပြင်
ကြော့ဆုံးခင် အယဉ်အနှစ်ကယ်တို့
စစ်သည်ကို ချစ်ကြည်တမ်းပါလို့
လက်ကမ်း အတူကြိုတော့
သည်မြေကို ဘယ်သူဆိုင်၍
ဘယ်သူပြိုင် လှုနိုင်အုံး(ဦး)မှာလဲ
ဘုန်းသမ္ဘာ ရွှေရောင်တောက်ချိန်မို့
မိုးအောက် ကမ္ဘာမြေ၌
မြန်မာပြေ(ပြည်) အလှဆုံးပါလို့
သီကုံးကာ ဂုဏ်တင်စမ်းချင်ရဲ့
နွေအရုဏ် ရွှေမှုန်ဖျန်းတော့ကာ
(ကွယ်)ပန်းမြတ်ဂုဏ်တင့် ။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်...

**ခွန်ရဲသွေး (အေးသာယာ)**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



■ **ကျောဖုံးမှ**

### ရောက်ရှိလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ နေရာသို့ ည၇နာရီတွင် ရောက်ရှိလာကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၁) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းတို့နှင့်အတူ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### တည်ခင်းညှော်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ညှော်သည်တော်များအား ၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်း ပြည်ပသတင်းစာဆရာများ၊လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖျော်ဖြေတင်ဆက်

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

# (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၇

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့်မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ရှိ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။**

(သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။** (သတင်းစဉ်)



## ပန်းကုံးများစွပ်ဂုဏ်ပြု

ထိုသို့ ဂုဏ်ပြုကြိုဆိုရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေး ဦးစီးချုပ်(လေ) တို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပန်းကုံးများ စွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ချီတက်လာကြသော တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။**

(သတင်းစဉ်)

## သောင်းသောင်းဖြဖြကြိုဆို

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ နေပြည်တော်မြို့တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊အမှုထမ်းများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်မိသားစုများ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက အောင်သပြေပန်းများ ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍ လည်းကောင်း ချီတက်ရာ လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

**(သတင်းစဉ်)**

28-3 (05).P65 1 1/1/32, 12:26 PM



**● ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲအသီးသီးမှ ဆုရရှိကြသူများ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြကွင်းကြီး၌ ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် ချီတက်ရန် နံနက် ၅ နာရီတွင် စုရပ်စစ်ရေးပြကွင်း၌ စတင် စုရုံးရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅ နာရီခွဲတွင် စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီးခုနစ်ကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းထံ စစ်ရေးပြတပ်ရေးဒုတိယဗိုလ်မှူးကြီးသန့်ဇင်က တပ်ကို အပ်သည်။

## သတ်မှတ်နေရာ၌နေရာယူ

စစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ တပ်ကြပ်ကြီးကျော်နိုင်ဦး ခေါင်းဆောင်သည့် လေအိတ်ပလွေပိုက်တပ်စုသည် စစ်ရေးပြကွင်းကြီးသို့ ကြိုတင်ထွက်ခွာပြီး စစ်ရေးပြကွင်းကြီးအတွင်း သတ်မှတ်ထားသည့် နေရာ၌ နေရာယူသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ တပ်ကြပ်ကြီးမြတ်ကျော်သူ ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည်လည်း သတ်မှတ်နေရာ၌ ဆက်လက်နေရာယူကြသည်။

## အနော်ရထာစစ်ကြောင်း

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးသန့်ဇင်၊ ယင်းနောက် အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးသက်ဝင်း ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးကျော်ဇေယျာဝင်း ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးထင်ဇော်ဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဇော်ထွန်းဦး ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းအောင်၊ တပ်ခွဲမှူး ဗိုလ်မှူးမောင်ကြည် ခေါင်းဆောင်သည့် ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ 

*စာမျက်နှာ ၇ ကော်လံ ၁*



## မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးစဉ်။** (သတင်းစဉ်)

## တက်ရောက်ကြ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

## ဇာတိသွေး၊ ဇာတိမာန်အပြည့်

**၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကာ ချီတက်လာကြစဉ်။** (သတင်းစဉ်)



# စစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးဆီသို့ ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုချီတက် လမ်းတစ်လျှောက် ပြည်သူများပန်းကုံးများစွပ်၍ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်



***စာမျက်နှာ ၆ မှ***

တပ်ခွဲမှူး ဗိုလ်မှူးစိုးနိုင်ထွန်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်မြတ်ဦး ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူး ဇော်ဇော်အောင် ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

## ကျန်စစ်သားစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမျိုးထွဋ် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်မင်းနိုင် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးလှမျိုး ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆန်း၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်မျိုးမြင့် ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဌေးလွင် ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးညွန့် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမြင့်ဝေ ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးနေထွန်း ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

## ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးရဲနိုင်ထွန်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ဟန်ထွန်း ခေါင်းဆောင်သည့် တပ်မတော်(ရေ)စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ဝင်း(ရေ) ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဝင်းထင်အောင်(ရေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ဘုရင့်နောင် စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူ(ရေ)၊ တပ်ခွဲမှူး ဗိုလ်မှူးစံဒွန်းဖြူ ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထိန်လင်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဟန်ဝင်းအောင် ခေါင်းဆောင်သည့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေလင်းထွန်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးမျိုးသန့်ဇင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

## အောင်ဇေယျစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်နိုင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးထွန်းအောင် ခေါင်းဆောင်သည့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးမင်းကြိုင်ဆန်း ခေါင်းဆောင်သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ***စာမျက်နှာ ၁၁ ကော်လံ ၁***

### သောင်းသောင်းဖြဖြကြိုဆို

**(၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာကြသော စစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်မြို့တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။** (သတင်းစဉ်)



**စစ်ချီတေးများသီဆိုကာ** ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

# မျိုးချစ်တပ်မတော်ဟာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသ
# တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးဟာ သွေ
# မည်သည့်နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်တွေ ကျင့်သုံးသည်ဖြစ်စေ အခြေခံလိုအပ်ချက်က နိုင်ငံတော်အေးချမ်းသာ



၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ကျင်းပရာ ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

**ရဲဘော်တို့–**

ဒို့တပ်မတော်ဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လို့ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ စတင်ဖွဲ့စည်းခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဆင်နွှဲခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေးအောင်ပွဲကြီးကြောင့်လဲ ဒို့ရဲ့ မျိုးချစ်စိတ်ဓာတ်ကို နယ်ချဲ့တွေက အလေးအမြတ်ပြုလာကြရတယ်။

**ရဲဘော်တို့–**

မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်ကပင် သွေးခွဲအုပ်ချုပ်မှုပုံစံ ကျင့်သုံးခဲ့တဲ့ နယ်ချဲ့တွေဟာ နောက်တစ်ကြိမ် ပြန်ဝင်လာတဲ့အခါမှာ လွတ်လပ်ရေးပေးဖို့ စဉ်းစားလာရတာကြောင့် တောင်ပေါ်ဒေသတွေမှာ ဒေသစွဲ၊ လူမျိုးစွဲတွေ သွင်းပေးခဲ့ကြတယ်။

နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်စိုးတဲ့အခါ စီးပွားရေး အခွင့်အလမ်းနည်းတဲ့ တောင်တန်းဒေသတွေကို တိုက်ရိုက်အုပ်ချုပ်ရင် တွက်ခြေမကိုက်တာကြောင့် ရှိရင်းစွဲအုပ်ချုပ်မှုပုံစံအတိုင်းပဲ ထားပြီး အခွန်ဘဏ္ဍာကိုသာ ယူခဲ့ကြတာဖြစ်တယ်။ ဒီလိုသွယ်ဝိုက်အုပ်ချုပ်တဲ့နည်းကို နယ်ချဲ့တွေက လက်မလွှတ်ချင်သလို ပဒေသရာဇ်အုပ်ချုပ်သူတွေကလဲ အရသာတွေ့ခဲ့ကြတယ်။ မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရတော့မယ့်အချိန်မှာ နယ်ချဲ့တို့က တိုင်းရင်းသားတွေကို ခွဲထွက်ရေးစိတ်ဓာတ်တွေ ပြောင်ပြောင်တင်းတင်း သွင်းပေးခဲ့တယ်။ နယ်ချဲ့တွေ သွင်းပေးခဲ့တဲ့ ခွဲထွက်ရေးစိတ်ဓာတ်ဟာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အားနည်းသွားစေတာပဲ ဖြစ်တယ်။ ဒါကြောင့်လဲ မျိုးချစ်တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်။ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမယ့် မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့–**

ဒို့နိုင်ငံမှာ ရှေးနှစ်သန်းပေါင်းများစွာကပင် လူသားတွေစတင်နေထိုင်ခဲ့ကြပြီး တိုင်းရင်းသားမျိုးနွယ်တွေဟာလဲ အသီးတစ်ရာ အညှာတစ်ခုပဲဖြစ်တယ်။ နိုင်ငံပေါင်း၁၀နိုင်ငံပါဝင်တဲ့ အာဆီယံအသင်းကြီးမှာပင်လျှင် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသောလူ့ဘောင်အဖွဲ့အစည်းအဖြစ် နိုင်ငံ့ခေါင်းဆောင်အားလုံးက အမြော်အမြင်ကြီးမားစွာ ဖော်ဆောင်လျက်ရှိတဲ့ ယနေ့ခေတ်ကာလမှာ ဒို့ပြည်ထောင်စုအတွင်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးဟာ သွေးစည်းချစ်ကြည်ညီညွတ်ကြပြီး ပြည်ထောင်စုကြီးကို နှလုံးသည်းပွတ်က ချစ်မြတ်နိုးကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့–**

ယခုအချိန်မှာလဲ ပြည်သူတစ်ရပ်လုံးက တပ်မတော်နဲ့ တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းလက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ စားဝတ်နေမှုဖူလုံရေးနဲ့ ပြည်သူတစ်ရပ်လုံး ပညာရည်ပြည့်ဝရေးဟာ မရှိမဖြစ်လိုအပ်တဲ့ အချက်တွေပဲဖြစ်တယ်။

ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူတွေ စားဝတ်နေမှု ဖူလုံပြီး တစ်ဦးချင်းတစ်နှစ်ဝင်ငွေ မြင့်မားစေဖို့ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍတို့အတွက် အခြေခံအဆောက်အအုံတွေကို နေ့ချင်းညချင်း တည်ဆောက်ပေးခဲ့တယ်။

ပထမဦးစွာ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေ အမြောက်အမြား စိုက်ထုတ်ပြီးဆောင်ရွက်ခဲ့တယ်။ ဒုတိယအနေနဲ့ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုကို ကွန်ရက်ပမာသတ်မှတ်ပြီး တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့တယ်။ တတိယအနေနဲ့ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်ရအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဖော်ဆောင်လျက် ရှိတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ သားစဉ်မြေးဆက်တွေအထိ ခံစားနိုင်ကြအောင် မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။

**ရဲဘော်တို့–**

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးမှ အကြမ်းဖက်မှုအန္တရာယ်က ကင်းဝေးမှာဖြစ်ပြီး တိုင်းရင်းသားတွေ စားဝတ်နေမှု ဖူလုံကြွယ်ဝမှလဲ ငွေကြေးနဲ့ဖြားယောင်းခြင်းကို ပယ်လှန်နိုင်မှာဖြစ်သလို ပညာရည်မြင့်မားမှလဲ အလိမ်အညာ မခံကြရမှာဖြစ်တယ်။ ဒါကြောင့် ယနေ့ တပ်မတော်နဲ့

# ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်ခဲ့

# လုံးဟာ သွေးစည်းချစ်ကြည်ညီညွတ်ကြပြီး ပြည်ထောင်စုကြီးကို နှလုံးသည်းပွတ်က ချစ်မြတ်နိုးကြရမည်

# ်အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးပဲဖြစ်

ပြည်သူတို့ ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး ဒီလုပ်ငန်းတွေဟာ အချိန်ထုနဲ့ ဖော်ဆောင်ရတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း ပြောကြားလိုတယ်။

ယနေ့ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို နေရာတိုင်း၊ ဒေသတိုင်းမှာ နိုင်ငံလုံးပြည့်မျှ တည်ဆောက်ပေးပြီးဖြစ်တာကြောင့် နိုင်ငံတော်ဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်မှာ ဦးမော့လာပြီဖြစ်တယ်။ ဒါကြောင့်လဲ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိနေပြီဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ အနာဂတ်ကာလတစ်လျှောက်လုံးမှာ ပြည်သူတွေဟာ တိုင်းပြည်ပျက်လုခမန်း ဖြစ်ရပ်ဆိုးမျိုးတွေနဲ့ မကြုံကြရအောင် တတ်နိုင်သမျှ ကြိုတင်မျှော်တွေး စီမံဆောင်ရွက်လျက်ရှိတယ်။

နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်နဲ့ မည်သည့်စီးပွားရေးစနစ်တွေ ကျင့်သုံးသည်ဖြစ်စေ အခြေခံလိုအပ်ချက်ကတော့ နိုင်ငံတော် အေးချမ်းသာယာဝပြောရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးပဲဖြစ်ကြောင်း ပြောကြားလိုတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်ရဲ့ အန္တရာယ်မှန်သမျှကို ပြည်သူတို့နဲ့အတူ လက်တွဲပြီး ချေမှုန်းကြရမယ်။

နိုင်ငံတော်အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့ လက်တွဲပြီး ချေမှုန်းနိုင်ဖို့အတွက် ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်ဖို့လိုတယ်။ ဒို့တပ်မတော်ဟာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကို ခံယူကြရမယ်။

**ရဲဘော်တို့–**

နိုင်ငံတော်မှာ ပြည့်စုံမြင့်မားရမယ့် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားစတဲ့ စွမ်းအားသုံးရပ်အနက် ကာကွယ်ရေးစွမ်းအားမြင့်မားရေးဟာ တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်သလို နိုင်ငံသားတိုင်းရဲ့ တာဝန်လဲဖြစ်တယ်။ နိုင်ငံရေးစွမ်းအားနဲ့ စီးပွားရေးစွမ်းအားမြင့်မားရေးအတွက်မှာတော့ မျိုးချစ်တပ်မတော်ပီပီ တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒို့ရဲ့အဓိက တာဝန်ကြီးသုံးရပ်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ပဲဖြစ်တယ်။ ဒီတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနဲ့ ဇွဲသတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုစတဲ့ တပ်မတော်ရဲ့အား(၁၀)ပါးကို စဉ်ဆက်မပြတ် ဖြည့်ဆည်းကြဖို့ မှာကြားလိုတယ်။

ဒါ့အပြင် တပ်မတော်သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အခြေခံဖြစ်တဲ့ အပါး(၆၀)သော စစ်သည်တော်ကျင့်ဝတ်ဟာ ဥပဒေသဘောသက်ရောက်တဲ့ ကျင့်ဝတ်တွေဖြစ်တယ်။ ကျင့်ဝတ်(၆၀)ရဲ့အစမှာ **နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပါ** ဆိုတဲ့ တစ်ဦးချင်းပြုကျင့်ရမယ့် ကျင့်ဝတ်ကို ပထမဦးစွာ ထိပ်ဆုံးကတင်ခြင်းဟာ တပ်မတော်က နိုင်ငံတော်အပေါ်ထားရှိတဲ့ သစ္စာတရားကို အထူးအလေးအမြတ်ပြုထားခြင်းပဲ ဖြစ်တယ်။

ဒါ့အပြင် ပြည်သူအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်(၁၀)ပါးမှာပါဝင်တဲ့ ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပါ။ ပြည်သူလူထုနှင့် ယဉ်ကျေးစွာ ဆက်ဆံပါ။ ရေလို၊ လလိုကျင့်ပါ။ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါ။ ပြည်သူလူထုကို ဦးစားပေးပါ။ မိမိမှ အခွင့်အရေးပိုမယူပါနှင့်။ ပြည်သူလူထုအတွက် ဘာပဲလုပ်လုပ်၊ ဘာပဲခိုင်းခိုင်း ပြည်သူလူထုက ကြည်ဖြူကျေနပ်ပါစေ။ ပြည်သူလူထု၏ ဘာသာ၊ အယူဝါဒ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လေးစားပါစတဲ့ အချက်တွေကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထုအပေါ်ထားရှိတဲ့ တပ်မတော်ရဲ့ခံယူချက်ဟာ မွန်မြတ်ကြောင်း ပေါ်လွင်လျက်ရှိတယ်။ မျိုးချစ်တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြဖို့ အလေးအနက်မှာကြားလိုတယ်။

**ရဲဘော်တို့–**

(၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားမှာ အလေးထားမှာကြားလိုတာကတော့ တပ်မတော်နေ့ ဦးတည်ချက်များနဲ့အညီ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြပါ။**
- **နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီ တပ်မတော်တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြပါ**

လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော် စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးများ ထွန်းညှိထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



- **ပါတီစုံဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးမှ အကြမ်းဖက်မှုအန္တရာယ်က ကင်းဝေးမှာဖြစ်ပြီး တိုင်းရင်းသားတွေ စားဝတ်နေမှု ဖူလုံကြွယ်ဝမှုလဲ ငွေကြေးနဲ့ ဖြားယောင်းခြင်းကို ပယ်လှန်နိုင်မှာဖြစ်သလို ပညာရည်မြင့်မားမှုလဲ အလိမ်အညာ မခံကြရမှာ ဖြစ်။ ဒါကြောင့် ယနေ့ တပ်မတော်နဲ့ ပြည်သူတို့ ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး ဒီလုပ်ငန်းတွေဟာ အချိန်ထုနဲ့ ဖော်ဆောင်ရတဲ့ လုပ်ငန်း တွေဖြစ်။**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

မတ် ၂၇ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ်၊ တပေါင်းလကွယ်နေ့
(ဥပုသ်နေ့)
၂၈-၃-၂၀၀၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၈။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၈း၂၀ ၉။ အဆိုပြိုင်ပွဲ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ Let's Go
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၅ ၆။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
၁၇း၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၇၆)
၁၉း၀၅ ၁၁။ အတီးပြိုင်ပွဲ
၁၉း၂၀ ၁၂။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၃၅ ၁၃။ ပြည်သူ့အတွက်တပ်မတော် (နယ်စပ်စည်ပင်၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ လယ်/ဆည်)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"(အပိုင်း-၂)**
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

စာမျက်နှာ ၇ မှ



အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းညီ၊ တပ်ခွဲမှူး ဗိုလ်မှူးဘဦး ခေါင်းဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနိုင်နိုင်ဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲကျော်ကျော် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူးရဲလွင်ဦးခေါင်းဆောင်သည့် အမှတ်(၉၉) ခြေမြန် တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

## ဆင်ဖြူရှင်စစ်ကြောင်း

ထို့နောက် အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဇော်ဝင်းထွန်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော ဆင်ဖြူရှင် စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး ကိုကိုအောင်ခေါင်းဆောင်သည့် တပ်မတော်(လေ) စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဇော်မျိုး ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းနိုင်ဦး၊ တပ်ခွဲမှူး ဗိုလ်မှူးထင်လတ်ဦး ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမျိုးနိုင် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မျိုးထွဋ် ခေါင်းဆောင်သည့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးခိုင်မင်း ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးကျော်စွာမောင် ခေါင်းဆောင် သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

## ဗန္ဓုလစစ်ကြောင်း

ထို့အတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးသက်နိုင် ခေါင်းဆောင် သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် အရာခံဗိုလ်ဌေးဝင်း ခေါင်း



ဆောင်သည့် အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးမြင့် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးစိုးမင်းထွန်း ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန့်ဇော်၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်နိုင်ဦး ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာ ညွှန်ကြား ရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲထွဋ် ခေါင်းဆောင် သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မောင်ချို ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဟန်သူ ခေါင်းဆောင် သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် ဗိုလ်မှူးမျိုးဇော် ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

## မြဝတီစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ရဲမှူးစိုးအောင် ခေါင်းဆောင် သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံ ကိုင်အဖွဲ့၊ ရဲတပ်ကြပ်ဇာနည်ဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးဇော်မင်းသန့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု မြဝတီ စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသံလွင်မြင့်၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ရဲဗလသောင်းထိုက် ခေါင်းဆောင်သည့် မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဒုတိယတပ်ရင်းမှူး သိန်းဇော် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်ထွန်းလင်း ခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးရဲနိုင် ခေါင်းဆောင်သည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြား ရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီး ခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၁၇၀၅ ဦးတို့သည် စုရပ် စစ်ရေးပြ ကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲတစ်ခွဲနှင့် တစ်ခွဲ ပေ ၃၀ စီနှင့် စစ်ကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်း ပေ ၁၀၀ စီခြားကာ စစ်ရေးပြကွင်းကြီး ဆီသို့ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကြကာ ချီတက် ကြသည်။

## သောင်းသောင်းဖြဖြကြိုဆို

စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်၌ ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ နေပြည်တော်မြို့တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စစ် ကြောင်းကြီးများတွင်ပါဝင်သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင် များ၏ မိသားစုများ၊ နေပြည်တော် တပ်နယ်မှ မိသားစုများ၊ ပြည်ထောင်စု

စာမျက်နှာ ၁၂ ကော်လံ ၁

## စစ်သံမှူးများအားနှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြ သော စစ်သံမှူးများအား နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## စစ်သံမှူးများတက်ရောက်

**ပြည်ထောင်စုမြန်မာနိုင်ငံ တော်ဆိုင်ရာ နိုင်ငံခြားသံရုံးများ မှ စစ်သံမှူးများ နေပြည်တော် မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်း အနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)





## စစ်ချီတေးများသီဆို ချီတက်လာကြ

**၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်း အနား ကျင်းပမည့် နေပြည်တော် မြို့တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေး များ သီဆိုကာ ချီတက်လာကြစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၁၁ မှ*

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုအလံငယ်နှင့် တော်လှန်ရေးအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ အမွှေးနံ့သာများ ပက်ဖျန်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းသို့ စစ်ကြောင်းကြီးများအလိုက် ဓာတိသွေးဓာတိမာန် တက်ကြွဖွယ် စစ်ချီတေးသီချင်းများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ် စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်နေရာယူကာ နံနက် ၆နာရီ မိနစ်၅၀တွင် အသင့်နေရာယူပြီးဖြစ်သည်။

## ခရီးဦးကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းလိုက်ပါလျက် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီးသို့ နံနက် ၇နာရီ၁၀မိနစ်တွင် ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ခရီးဦးကြိုဆိုပြီး စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းရှိ စင်မြင့်သို့ ကြိုဆိုခေါ်ဆောင်ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်၌ နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

## တပ်စစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကိုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

## သစ္စာလေးချက်ရွတ်ဆို

ယင်းနောက် ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ရေ၊လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

စစ်ရေးပြကွင်းကြီး မုခ်ဦးဂိတ်မှ မူလစုရပ် စစ်ရေးပြကွင်းသို့ စနစ်တကျ ပြန်လည်ချီတက် ထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာကာ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက်၈နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီး၌ တော်လှန်ရေးကြယ်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ) တံဆိပ်ပါ အောက်ခြေအကျယ် ၃၁၃ဒသမ၃ပေ၊ အမြင့်၁၁၂ပေရှိ အဝင်မုခ်ဦးကြီးကိုလည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အရှေ့ဘက်ကုန်းမြင့်ပေါ်၌ ပေ၃၀စီမြင့်သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရား ဦးအောင်ဇေယျဟူသော မင်းသုံးပါးရုပ်တုကြီးများကိုလည်းကောင်း၊ အနောက်ဘက်၌ အောက်ခြေအရှည် ၃၁၄ပေ၊ အမြင့်ပေ ၄၀ရှိ တပ်မတော် (ကြည်း၊ရေ၊လေ) တံဆိပ်ကြီးနှင့် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာတန်းကြီးကိုလည်းကောင်း၊ စစ်ရေးပြကွင်း စစ်ကြောင်းများ မျက်နှာမူရာ၌ ရောင်စုံပန်းများ ပွင့်လန်းနေသည့် ပန်းခြံကျယ်ကြီးနှင့် ရောင်စုံမီးများ သွယ်တန်းထွန်းထားသော သစ်ပင်များကိုလည်းကောင်း၊ လက်ယာဘက်၌ ဓာတ်ငွေ့မီးညှိထွန်းထားသော အမြင့်ပေ ၇၀ရှိ မီးရှူးတိုင်ကြီးကိုလည်းကောင်း၊ လက်ဝဲဘက်၌ ပန်းဆိုင်ပန်းဖွားပမာ ရေပန်းပဒေသာနှင့် လျှပ်တစ်ပြက် ရောင်စုံမီးများကိုလည်းကောင်း ခမ်းနားထည်ဝါလှပစွာ စီစဉ်ခင်းကျင်းထားရှိသည်။

ထို့အတူ အလျား ၂၅၆၇ပေ၊ အနံ ၁၉၉၈ပေ၊ ဧရိယာဧက ၁၁၇ဒသမ ၇၈ကေရှိ စစ်ရေးပြကွင်းကြီးတစ်ခုလုံး၌ အလျား ၁၄၂၂ပေ၊ အနံ ၉၈၈ပေခွဲရှိ တန်းစီကွင်းနှင့်အတူ ဝင်လမ်းထွက်လမ်းများ၊ ပန်းမျိုးစုံစိုက်ခင်းများ၊ ဧည့်သည်တော်များနေရာ၊ အလေးပြုခံစင်မြင့်တို့ကို စနစ်တကျ စီစဉ်ထားရှိသည်။

## အလံများစိုက်ထူထား

ထို့အပြင် စစ်ရေးပြကွင်းကြီး တန်းစီဧရိယာ ဘေးပတ်လည်၌လည်းကောင်း၊ ကွင်းအတွင်း လမ်းဘေးဝဲ/ယာတို့၌ လည်းကောင်း ရောင်စုံပန်းပင်များ၊ အလှစိုက် မြက်ခင်းပြင်များကို စနစ်တကျ လှပသေသပ်စွာ စိုက်ပျိုးထားရှိသည့်အပြင် ကိုးလုံးတွဲ မာကျူရီမီးတိုင်ကြီးများကို တန်းစီကွင်းအတွင်း၌လည်းကောင်း၊ ငါးလုံးတွဲနှင့် သုံးလုံးတွဲ မီးတိုင်များကို တန်းစီကွင်းပတ်လည်၌လည်းကောင်း အသီးသီးစိုက်ထူ ထွန်းလင်းထားရှိပြီး တန်းစီကွင်းပတ်လည်နှင့် အဝင်လမ်းမကြီးဝဲ/ယာတို့၌ တော်လှန်ရေးအလံ၊ တပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အလံများ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ၏ အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့၏ အလံများကို အသီးသီးစိုက်ထူထားရာ လေနှင့်အတူ တလူလူလွင့်လျက်ရှိကြသည်။

## စစ်ရေးပြအခမ်းအနားတက်ရောက်

**စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ နေပြည်တော် မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)



ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

**[ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။]**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက် ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ

ထို့အတူ စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက် လမ်း၏ ဝဲ/ယာတို့၌ စိုက်ထူထားသော တပ်မတော်(ကြည်း၊ရေ၊လေ)အလံများ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ ညွှန်ကြားရေးမှူးရုံးများ၏ အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့၏ အလံများသည်လည်း လေနှင့်အတူ တလူလူလွင့်နေကြသည့်အပြင် လမ်းဘေးသစ်ပင်များသည်လည်း ရောင်စုံမီးသီးများဖြင့် လှပဝေဆာလျက်ရှိသည်။

အလားတူအလျားပေ၃၀၊ အနံ ၁၂ပေရှိ (၆၁)နှစ်မြောက် တပ်မတော်နေ့ (၂၀၀၆)ခုနှစ် မတ်လ(၂၇)ရက် စာသားပါ မြေစိုက် လေးထောင့်ဆိုင်းဘုတ်ရှစ်ခု၊ အလျားပေ၆၀၊ အနံခြောက်ပေရှိ **တပ်နှင့်ပြည်သူ မြဲကြည်ဖြူ၊ သွေးခွဲလာသူ ဒို့ရန်သူ၊ တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူရန်မူဝံ့မည်နည်း၊ တပ်နှင့်ပြည်သူ လက်တွဲကူ၊ ပြည်ထောင်စု ဖြိုခွဲသူမှန်သမျှ ချေမှုန်းကြ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို လှိုက်လှဲစွာဂုဏ်ပြုကြိုဆိုပါ၏၊ (၆၁)နှစ်မြောက် တပ်မတော်နေ့(ကြည်း၊ရေ၊လေ) တပ်မတော်သားများအား ကြိုဆိုပါ၏၊ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက်၊ အသက်သွေးချွေး စဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ၊ တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ၊ တပ်မတော် ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်** စာတန်းပါ မြေစိုက်ဆိုင်းဘုတ်အရှည် ၁၁ခု၊ အလျားပေ၄၀၊ အနံပေ ၂၀ရှိ တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သည်များ လှုပ်ရှားမှုပုံ သရုပ်ဖော်ပန်းချီပိုစတာကြီး လေးခု၊ အလျား ၁၆ပေ၊ အနံရှစ်ပေရှိ တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ လှုပ်ရှားမှုပုံ Light Box နှစ်ခုတို့ကို စိုက်ထူထားသည်။

ထို့အတူ **ဒို့တာဝန်အရေးသုံးပါး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်၊ လူထုအားကို အများကြီးလိုသည်၊ တပ်မတော်ကြီးကို အင်အားရှိအောင် အရာရာမှာကူညီ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်သာ အမိ တပ်မတော်သာ အဖ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်၊ သစ္စာလေးလီ ဦးထိပ်တင် စွမ်းရည်သုံးရပ် ကျေပွန်အပ်** စာသားများပါသည့် အလျားပေ၄၀၊ အနံလေးပေခွဲရှိ နှစ်ဖက်လှ အဝတ်ပိတ်စ စာတန်း ၁၁ခုကိုလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်၌ ချိတ်ဆွဲထားသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**ရန်ကုန် မတ် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာပီတာဟိုးဝပ်ရိုက်ဒါ၏နေရာတွင် ဒေါက်တာဘရစ်ဘာရင်တန်အား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။ ဒေါက်တာဘရစ်ဘာရင်တန်သည် ဗန်ကောက်မြို့၌ အခြေစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဒေါက်တာ ဘရစ်ဘာရင်တန်သည် ၁၉၆၅ခုနှစ် မတ်၄ရက်တွင် မွေးဖွားခဲ့သည်။ ဒေါက်တာဘရစ်ဘာရင်တန်သည် အောက်ကလန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့ပြီး ၁၉၉၀ပြည့်နှစ်မှစ၍ ပြည်ပဆက်ဆံရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၉၀-၁၉၉၁ခုနှစ်တွင် လက်နက်ဖျက်သိမ်းရေးဌာန၌လည်းကောင်း၊ ၁၉၉၁-၁၉၉၂ခုနှစ်တွင် ဥရောပဌာန၌လည်းကောင်း၊ ၁၉၉၂-၁၉၉၃ခုနှစ်တွင် ဩစတြေးလျဌာန၌ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃-၁၉၉၇ခုနှစ်တွင် ကင်ဘာရာမြို့ရှိ နယူးဇီလန်သံရုံး၌ ဒုတိယအတွင်းဝန်နှင့် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇-၁၉၉၉ခုနှစ်တွင် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ လက်ထောက်အမှုဆောင်အရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၉-၂၀၀၂ခုနှစ်တွင် ဘရပ်ဆဲလ်မြို့ရှိ နယူးဇီလန်သံရုံးနှင့် ဥရောပသမဂ္ဂဆိုင်ရာ နယူးဇီလန်အဖွဲ့ရုံး၌ သံမှူးနှင့် ဒုတိယသံရုံးအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါက်တာဘရစ်ဘာရင်တန်သည် ၂၀၀၃ခုနှစ်မှ ယခုအချိန်အထိ နယူးဇီလန်အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်ရုံး၏ နိုင်ငံတကာရေးရာ အကြံပေးအရာရှိအဖြစ် ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်ဖြစ်ပြီး သားသမီး သုံးဦးရှိသည်။

**(သတင်းစဉ်)**


## သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**လမ်းလျှောက်ခြင်းသည်**

**၁။ သွေးတိုးကျစေသည်။**
**၂။ နှလုံးရောဂါကိုကာကွယ်နိုင်သည်။**
**၃။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။**
**၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။**
**၅။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။**
**၆။ ကြွက်သားများသန်စွမ်းဖျတ်လတ်စေသည်။**
**၇။ သွေးအတွင်းမှအဆီကျစေသည်။**
**၈။ သွေးအတွင်းမှသကြားဓာတ်ကျစေသည်။**
**၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။**

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# (၆၁)နှစ်မြောက်တပ်မတော်နေ့ပြခန်းများဒုတိယနေ့ဆက်လက်ပြသ ရဟန်းရှင်လူပြည်သူများနှင့်ကျောင်းသားကျောင်းသူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၇

**၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ယနေ့နံနက်၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။** (အပေါ်ပုံ)

ပြပွဲတွင် တပ်မတော်(ရေ)ပြခန်း၌ ပြကွက်(၁) တပ်မတော်(ရေ)သမိုင်းဝင် အထောက်အထားများ ပြကွက်၊ ပြကွက်(၂)သမိုင်းဝင် "တံမြက်စည်း" အမြောက်ပြကွက်၊ ပြကွက်(၃) သမိုင်းဝင်စစ်ရေယာဉ် မေယုပြကွက်၊ ပြကွက်(၄) ရေတပ်သင်္ဘောကျင်း ပြကွက်၊ ပြကွက် (၅) မြန်မာ့ကမ်းရိုးတန်းရေပြင် နယ်နိမိတ်ပြကွက်၊ ပြကွက် (၆) တပ်မတော်(ရေ) စစ်ရေယာဉ် ပြကွက်၊ ပြကွက်(၇) ရေပေါ်လက်နက်ခဲယမ်းများပြကွက်၊ ပြကွက်(၈) ရေအောက် လက်နက်ခဲယမ်းများပြကွက်၊ ပြကွက် (၉) ရေတပ်စက်မှုလက်မှု ပြကွက်၊ ပြကွက်(၁၀) ရေတပ်သုံး ပစ္စည်းများပြကွက်၊ ပြကွက် (၁၁) ရေတပ် တိုင်းတာရေးပြကွက်၊ ပြကွက် (၁၂) ရေငုပ်နှင့်ဆယ်ယူရေးပြကွက်၊ ပြကွက်(၁၃)တပ်မတော်(ရေ)လေ့ကျင့်ရေးပြကွက်၊ ပြကွက်(၁၄) ရေတပ် ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ် ပစ္စည်းများပြကွက်၊ ပြကွက်(၁၅) ရေကြောင်း ရဲညွှန့်လောင်း ပြကွက်တို့ကို ပြသထားသည်။

## ပြသထား

တပ်မတော်(လေ) ပြခန်းတွင် လေတပ်စခန်းဌာနချုပ်၏ လှုပ်ရှားမှုမှတ်တမ်းများ၊ လေယာဉ်သုံးလက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ လေယာဉ်အင်ဂျင်များ၊ လေကြောင်းအီလက်ထရွန်းနစ်၊ တပ်မတော်သုံး လေယာဉ်များ၊တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးတားဆီးရေးပြကွက်၊ တပ်မတော်(လေ)သမိုင်းထဲမှ ဒုတိယဗိုလ်သူရ ပီတာပြကွက်၊ဝမ်ပန်ဆန်းလေကြောင်းတိုက်ပွဲပြကွက်တို့ကို ပြသထားသည်။

## ကြည့်ရှုလေ့လာ

ကာကွယ်ရေး ဝန်ကြီးဌာန စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ပြခန်းတွင် စစ်လက်နက်ပစ္စည်း ပြကွက်၊ ခဲယမ်းမီးကျောက်ပြကွက်၊ ခေတ်အလိုက် တပ်မတော်တွင် သုံးသော မော်တော်ယာဉ်များပြကွက်၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းတွင် အမြောက်တပ်ဖွဲ့သုံးခဲယမ်းမီးကျောက်များပြကွက်၊ အမြောက်တပ်သမိုင်းကို ဖော်ဆောင်ခဲ့သော တိုက်ပွဲများပြကွက်နှင့် သမိုင်းကိုပြောသော အမြောက်တပ်ဖွဲ့ အလံများ ပြကွက်နှင့်သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော သံချပ်ကာတိုက်ယာဉ်များ၊ တင့်ကားတိုက်ခိုက်ရေးသဏ္ဌာန်တူ ပုံစံပြကွက်တို့ကို ပြသထားရာ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

## လေ့လာနိုင်

အဆိုပါပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညနေ၅နာရီအထိ ဆက်လက်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၂၈-၃-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅ ၇။ ခါသကြီန်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ ခါသကြီန်အဆိုအကများ
၄း၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၁၀ ၉။ ပညာခေတ်
၅း၃၀ ၁၀။ ခါသကြီန်အဆိုအကများ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၇)ဇာတ်သိမ်း
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၁၉)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၃-၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အသိဉာဏ်ပေး စိတ်ငြိမ်းအေး (အရှင်ဆေကိန္ဒ) (ဟုတ်တာလုပ်ရင် ဟုတ်တာဖြစ်တယ်) |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | သံဂဟေအတတ်ပညာ (အပိုင်း-၂) |
| ၇း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၄၅ | တေးဂီတအစီအစဉ် |
| ၇း၅၀ | ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ကော်နီ) |
| ၈း၂၅ | Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | ပြည်တွင်း သတင်းအကျဉ်း |
| ၉း၄၅ | ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးရေး |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ရှားပါးစာအုပ်ပြပွဲ |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | ရွှေပြည်တော်ကိန်း အေးငြိမ်းကြလို ကုသိုလ်ဖြစ်ဆေးခန်းက အေးချမ်းစွာကြို |
| ၁၀း၅၀ | ပြည်တွင်း သတင်းအကျဉ်း |
| ၁၁း၀၀ | လက်ဆင့်ကမ်းဝေ ဂီတအမွေ (ဒုံမင်း) |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | လုပဆန်းသစ် ကြွေရည်သုတ်ပစ္စည်းအသစ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁း၀၀ | Arsenal-Juventus | 5-Sports (Live) |
| | Benfica-Barcelona | 5-Cartoons (Live) |

# ကမ္ဘာတစ်လွှား အားကစား

## မန်ယူတို့ဘာမင်ဂမ်ကို အိုးထရက်ဖို့ဒ်၌ ဂိုးပြတ်သွင်းနိုင်ပွဲဆက်

လန်ဒန် မတ် ၂၇

**ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကို မတ်၂၆ရက်က ဆက်လက်ကစားရာ မန်ယူက အိုးထရက်ဖို့ဒ်၌ ဘာမင်ဂမ်ကို သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ မစ်ဒယ်ဘရော့က ဘော်လ်တန်ကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ချာလ်တန်က နယူး ကာဆယ်ကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။**

### မန်ယူနှင့်ဘာမင်ဂမ်

မန်ယူတို့ အိမ်ကွင်း၌ ဘာမင်ဂမ်ကို အမြဲတမ်းအနိုင်ရသည့် အစဉ်အလာကို ထိန်းသိမ်းနိုင်ခဲ့သည်။ ပထမပိုင်း နစ္စတယ်ရှိုင်းမပါသည့် မန်ယူတိုက်စစ်သည် ဘာမင်ဂမ် နောက်တန်းကို ခြိမ်းခြောက်ထားနိုင်ခဲ့ရာ ပွဲအစမှာပင် မန်ယူတိုက်စစ်ကြောင့် ဘာမင်ဂမ်ဂိုးသမား မိုက်တေလာ ကာကွယ်မှုမှတစ်ဆင့် ကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ပြီး ဂိုးပေးခဲ့ရသည်။



**ကစားဖော်များနှင့် အောင်ပွဲခံ**

**ပရီမီယာလိဂ်ပွဲစဉ် ၃၀ အဖြစ် မန်ယူနှင့် ဘာမင်ဂမ်တို့ ပွဲတွင် ဘာမင်ဂမ်ဘက်သို့ ပထမဂိုးသွင်းခဲ့သူ ရိုင်ယန်ဂစ်** (အလယ်) **ကစားဖော်များနှင့်အတူ အောင်ပွဲခံနေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

### အနိမ့်ဘောကန်သွင်း

မန်ယူတို့အဖွင့်ဂိုးရပြီး အနိုင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ရေးကြိုးပမ်းရာမှ ၁၅မိနစ်၌ မန်ယူတောင်ပံ ကစားသမားရိုင်ယန်ဂစ်က ဘာမင်ဂမ်ဂိုးဧရိယာ အတွင်းမှ ဘယ်ခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်သဖြင့် ဒုတိယဂိုး ရရှိခဲ့ပြန်သည်။

### အပြည့်အဝအသုံးမချနိုင်

ဘာမင်ဂမ်တို့ ချေပဂိုးပြန်မသွင်းနိုင်ဘဲရှိရာမှ ၈၃ မိနစ်တွင် မန်ယူအတွက် တတိယဂိုးကို တိုက်စစ်မှူး ရွှန်နေက သွင်းယူပေးခဲ့သဖြင့် မန်ယူတို့ သုံးဂိုး-ဂိုး မရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲအပြီး မန်ယူနည်းပြဖာဂူဆန်က" ဘာမင်ဂမ်တို့ ကစားပုံကောင်းပါတယ်။ ဒါပေမယ့် မန်ယူကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကတော့ ကျေနပ်စရာပါ။ အနိုင်ရမယ်လို့ မျှော်မှန်းထားပေမယ့် ဒီထက်ဂိုးသွင်းနိုင်တဲ့ အခွင့်အရေးတွေကို ကျွန်တော့်လူတွေ အပြည့်အဝအသုံးမချနိုင်ခဲ့ဘူး"ဟု ပြောကြားသည်။

### လက်ဆောင်တစ်ဂိုး

ဘာမင်ဂမ်နည်းပြကလည်း "မန်ယူကစားသမားတွေက အကောင်းဆုံးကစားသွားလို့ ကျွန်တော့်လူတွေ အခွင့်အရေးအရနည်းခဲ့ပေမယ့် အနည်းဆုံး သရေပွဲလောက်တော့ ဖြစ်စေချင်တာပါ။ ကျွန်တော်တို့ တစ်ဂိုးမှမချေပနိုင်တဲ့အပြင် လက်ဆောင်တစ်ဂိုးပါ ပေးခဲ့ရတာကတော့ မဖြစ်သင့်တဲ့အရာပါ"ဟု ပြောကြားသွားသည်။

မန်ယူတို့ ယခုပွဲအနိုင်ရရှိသဖြင့် ပွဲ၃၀ကစားအပြီး ၆၆မှတ်ဖြင့် ချယ်လ်ဆီးနှင့်တစ်ပွဲလျော့ ၁၂ မှတ်ကွာလျက် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိနေသည်။

### မစ်ဒယ်ဘရော့နှင့်ဘော်လ်တန်

ဧည့်သည်ဘော်လ်တန်တို့၏ အဖွင့်ဂိုးသွင်းယူပြီးမှသာ မစ်ဒယ်ဘရော့တို့ ချေပဂိုးနှင့်အနိုင်ဂိုးများကို သွင်းယူနိုင်ခဲ့သည်။ ဘော်လ်တန်အတွက် အဖွင့်ဂိုးကို ပွဲအစ သုံးမိနစ်မှာပင် စတီလော့စ်က သွင်းယူပေးပြီးမစ်ဒယ်ဘရော့အတွက် ချေပဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဟက်ဆယ်ဘိမ့်က သွင်းယူပေးခဲ့သည်။ မစ်ဒယ်ဘရော့၏အနိုင်ဂိုးများကို ၃၀မိနစ် တွင် ဗီဒူကာ၊ ၄၇မိနစ်တွင် ဟက်ဆယ်ဘိမ့်၊ မိနစ် ၉၀၌ ပါနာဘိုင်တို့က သွင်းယူပေးခဲ့သည်။



**ပြစ်ဒဏ်ဘော ဉာ်သို့ကန်သွင်း**

**ပရီမီယာလိဂ်ပွဲစဉ် (၃၀) အဖြစ်မစ်ဒယ်ဘရော့နှင့် ဘော်လ်တန်တို့ပွဲတွင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဟက်ဆယ်ဘိမ့် ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ဉာ်သို့ကန်သွင်းယူခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

ဘော်လ်တန်အတွက်ချေပဂိုးများကို ဂျေဂျေအိုကိုချာနှင့် ဂျိုင်းဒီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သဖြင့် မစ်ဒယ်ဘရော့တို့က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### ချာလ်တန်နှင့်နယူးကာဆယ်

အိမ်ကွင်း၌ ပယ်နယ်တီဖြင့် အဖွင့်ဂိုးကို ဒါရင်ဘင့်က သွင်းယူပေးပြီး ၃၇မိနစ်တွင် နယူးကာဆယ်လ်မှ လီဘောင်ယာ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်သွား၍ ဒုတိယဂိုးရရှိကာ ၈၉မိနစ်တွင် ချာလ်တန်မှဂျေဘိုသရူးက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ နယူးကာဆယ်အတွက် ချေပဂိုးကို စတော့တ်ပတ်ကာက ၃၅မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ချာလ်တန်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

**(အင်တာနက်)**

**တင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

## ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကတ္တရာလမ်းနှင့်ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မတ် ၂၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၂၄ရက်တွင် ဧရာဝတီတိုင်း ရေကြည်မြို့နယ် အသုတ်ကျေးရွာရှိ မြဆည်းလည်းဘုရား စိန်ဖူးတော်တင်မင်္ဂလာ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးစံကျောင်းတော်၊ တံခွန်တိုင်နှင့် မြဆည်းလည်း ဘုရားမုခ်ဦးရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားတို့သို့ တက်ရောက်ကြည်ညိုသည်။**

**လှည့်လည်ပူဇော်**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်နှင့်မိသားစုနှင့်သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေနှင့် ဒေါ်ကြည်ကြည် မိသားစုတို့က ဆရာတော်၊ သံဃာတော်များထံ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီရင်ပြင်တော်ပေါ်၌ လက်ယာရစ် လှည့်လည်၍ ပူဇော်ကြသည်။

ထို့နောက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပန်းရထားဖြင့် စေတီတော်ပေါ် ပင့်ဆောင်ပူဇော်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ဆင်မင်းဦးတင်ရွှေတို့ကတပ်ဆင်ပူဇော်ကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံကျောင်းအားသွားရောက်ပြီး တံခွန်တိုင်သို့ ဆည်းလည်းများ ပင့်ဆောင်ပူဇော်ပေးကြသည်။

**တက်ရောက်အားပေး**

ထို့နောက် ဆရာတော်ထံမှ ရေစက်ချတရား နာယူကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်္ဂပူမြို့ရှိ ရွှေဘုန်းပွင့်လမ်း ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက် အားပေးသည်။ ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ လမ်းကိုဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လမ်းတစ်လျှောက်ကို ကြည့်ရှုကြသည်။

အဆိုပါ ကတ္တရာလမ်းသည် အလျား ၈၂၅ပေ၊ အကျယ် ၁၂ ပေရှိသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့ ကန်ဦး အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာတာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဇံတို့က အမှာစကားပြောကြားကြသည်။

**ကုန်ကျခံ**

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ၁၂၀၊ အနံပေ ၃၀ရှိကာ စုစုပေါင်းငွေကျပ် ၅၅ သိန်းကုန်ကျပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၈၈၉)၌စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေနှင့် စက်သုံးဆီ အခြင်အတွယ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)

## ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီအရောင်းဆိုင်များစစ်ဆေး

**ရန်ကုန် မတ် ၂၇**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၅ ရက်တွင် မွန်ပြည်နယ် ဘီးလင်းမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၈၇၁)သို့သွားရောက်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု အခြေအနေနှင့် စက်သုံးဆီ အခြင်အတွယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီအလေအလွင့် မရှိစေရေး၊စာရင်းဇယားများ မှန်ကန်တိကျစွာဆောင်ရွက်သွားရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် မတ်၂၆ရက်တွင် ကျိုက်ထိုမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၅၆)နှင့် (၀၈၈၉)တို့ကိုလည်းကောင်း၊ပဲခူးတိုင်း တောင်ငူမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၆၀)ကိုလည်းကောင်း သွားရောက်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု အခြေအနေနှင့် စက်သုံးဆီအခြင်အတွယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး၊ စက်သုံးဆီ အခြင်အတွယ်မှန်ကန်စေရေး၊ အမှန်တကယ်ပြေးဆွဲသည့် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များကို ဆီစားနှုန်းတွက်ချက်ကာ လုံလောက်အောင် ဖြန့်ဖြူးရောင်းချရေး၊ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စေရေးတို့ကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဦးအောင်ဟိန်းကျော်
-Translation
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာ ရေးနည်း
Ph- 09-5118403

MWM
IT ESSENTIALS
Computer Fundamentals (Windows XP)
Computer Organization & Hardware
Internet & Email Applications
Graphic Skill with Adobe Photoshop
Web Authoring with Dreamweaver
Programming Logic with C++
Microsoft Word & PowerPoint
MON-WED-FRI 9AM-12NOON
BLOCK 6, ROOM 4, MYANMAR INFO-TECH (MICT PARK), YANGON

☎: 254608, 377921 09-5021249

တိုက်ခန်းရောင်းမည်
မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်းမပေါ်ရှိ(ချော်တွင်းကုန်းမီးပွိုင့်အနီး)ပေ၂၀ x ပေ ၅၀၊ ခြောက်လွှာ၊ တယ်လီဖုန်းပါ။
ဖုန်း-၅၆၀၇၀၉၊ ၅၆၁၁၃၈၊ ၀၉-၅၁၅၄၆၁၅။

KMD Computer Centre
Network Engineering
Hardware & Network Technician
Computer Hardware နှင့် Network Technology
Microsoft MCP Exam & MCPA Networking Exam
Technical Seminar
On-Job Training
Duration (300) Hours








# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏ်ပြုပူဇော်

ကြို့ပင်ကောက် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်သည့် ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသာသနဓဇအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ်၁၉ရက် မွန်းလွဲ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

## ခံယူဆောက်တည်

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပါဠိတက္ကသိုလ်၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## ချီးကျူးပူဇော်

ထို့နောက် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသာသနဓဇအား ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ ရှစ်လုံးဖွဲ့လင်္ကာကို ရွတ်ဖတ်ပူဇော်၍ ဘွဲ့ရဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို ဖတ်ကြားပြီးနောက် မင်္ဂလာရတုပိုဒ်စုံအား ထပ်မံသီကျူးဂုဏ်ပြုပူဇော်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက်မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် တိုက်ကျောင်းပါဠိတက္ကသိုလ်ပဓာန နာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူကြောင်း သိရသည်။ **(ဝ၄ဝ)**



**မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကော့ပရံကျေးရွာ လမ်းပေါ်ရှိ အုတ်ခုံကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

**ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကနစိုးကုန်း-လမ်းသမိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းအောင်တို့ ကြီးကြပ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



# ဟိုပုံးမြို့၌ ဖြားနန္တားဟိန် စာကြည့်တိုက်ဖွင့် စာပေအကြောင်း သိကောင်းစရာရှင်းလင်း

ဟိုပုံး မတ် ၂၂

**ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာအုပ်စု နောင်တောင်းကျေးရွာ သုခအောင်ဆုပရဟိတ တပ်ဦးကျောင်းတိုက်၌ ဖြားနန္တားဟိန် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၉ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ဓာတိကရာမပရိယတ္တိစာသင်တိုက် (ရန်ကင်း) ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမထေရ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။** (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးခွန်ရာမက စာပေအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြား၍ နောင်တောင်းကျောင်း ဆရာတော် အရှင်ရာဇိန္ဒသိရိက စာကြည့်တိုက် ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

## လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေနှင့် စေတနာရှင်၊ အလှူရှင်များက သုတ ရသ စာအုပ်မျိုးစုံအုပ် ၁၂၀၀ပေးအပ်လှူဒါန်းရာ ကျောင်းကော်မတီဝင် ဦးခေမာက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

**မြိတ်မြို့ တလိုင်းစုရပ်ကွက် ဗိုလ်ချုပ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၉ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းရင်၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်လွင်၊ ရပ်ကွက်ဥက္ကဋ္ဌ သီရိသုဓမ္မဇောတိဓဇောတဓရ၊ လူမှုထူးချွန်တတိယဆင့် ဦးကျားမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



# မြန်မာ့အသံ

၂၉-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ-၁)
၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ပြည်သူလေးစား တပ်မတော်အင်အား)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (မူးယစ်ဆေးဝါး ကင်းစင်သည့် မြန်မာနိုင်ငံဖြစ်ပေါ်ရေး)

**ညနေပိုင်း**

၁၇း၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးရူစင်းကောနှင့် သနပ်သုပ်)
၁၇း၄၅ သူ့လက်သံ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့် မောင်ဇော်ဝင်းနိုင်၏ ဆိုင်းလက်သံ)
၁၈း၄၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အချမ်းသာဆုံးလူသားနှင့် စာရေးသူစိတ်ကြိုက်ဆောင်းပါးများ (ဒေါက်တာခင်မောင်ညို) (၂)ဆပ်ပြာပူဖောင်းကလေးများနှင့် အတွေးသစ်ဆောင်းပါးများ (ထက်ခေါင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရတနာမြိုင် တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ၂၀၀၆ခုနှစ် ရန်အောင်၏ သင်္ကြန်စီးရီး)

# ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာ တရားစခန်းဖွင့်မည်

ပြင်ဦးလွင် မတ် ၂၀

ပြင်ဦးလွင်ချမ်းမြေ့ရိပ်သာ(အနီးစခန်း) အခါတွင်းတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ဧပြီ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ပြင်ဦးလွင်မြို့ ချမ်းမြေ့ရုံးခန်း ဖုန်း-၀၁-၆၆၁၄၇၉၊ ၀၈၅-၂၁၆၃၇၊ ၀၈၅-၂၁၇၆၃၊ ၀၂-၃၁၆၈၀၊ ၀၂-၆၀၉၆၆(လိုင်းခွဲ)၅၁၅၅၊ ၀၂-၆၅၁၃၈တို့သို့ ဧပြီ၃ရက် နောက်ဆုံးထားဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပြီး တရားစခန်းဝင်ခွင့်ရသူများ ဧပြီ ၇ရက် ညနေ ၃နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# အောင်ပန်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြရှင်းလင်း ပညာပေး

**အောင်ပန်း မတ် ၅**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ပန်းမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့ဇာတ်တိုက် လေ့ကျင့်မှုနှင့် မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှုကို ဖေဖော်ဝါရီ၂၇ရက်က ဦးစီးအရာရှိ ဦးကျော်စိုးနှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးဝင်းနိုင်ဦးတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ စုပေါင်းသရုပ်ပြရှင်းလင်း၍ ပညာပေးဆောင်ရွက်ကြကြောင်း သိရသည်။**(နယ်စပ်/စည်ပင်)**

**ဟသ်ာတမြို့ လမ်းမတော်လမ်းပေါ်ရှိ ဆိုက်ကားများနှင့် စက်ဘီးများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရေးအတွက် ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ၊ စည်းကမ်းထိန်း ဝန်ထမ်းများနှင့် အနေးယာဉ်ကြီးကြပ်မှုကော်မတီများ စုပေါင်း၍ ကွင်းဆင်းစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



# ကျိုင်းတုံမြို့၌ ကတ္တရာလမ်း အဆင့်မြှင့်တင်

ကျိုင်းတုံ မတ် ၁၅

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြရတနာလမ်း အရှည်ပေ၇၅၀၊ အကျယ် ၁၂ပေအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ်၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစံလင်းတို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ပဲခူးမြို့တွင် ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ၊ မြက်များ ရှင်းလင်းခြင်း၊ ပလတ်စတစ် အမှိုက်များသိမ်းဆည်းခြင်း၊ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းကို မတ်၁၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့်ရပ်ကွက်သူ ရပ်ကွက်သားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြော
# မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်ကတ်နှင့်တံဆိပ်ပေးအပ်

**လားရှိုး မတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုအဖြစ် တီဘီရောဂါဆိုင်ရာ ပညာပေး ဟောပြောပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက၊ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်က အမှာစကား ပြောကြားပြီး လားရှိုးပြည်နယ် ပြည်သူ့ဆေးရုံကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာကျော်ဇောက တီဘီရောဂါဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားသည်။ ဆက်လက်ပြီး တက်ရောက်လာသူများက တီဘီရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာ ကျော်ဇောက ပြန်လည်ဆွေးနွေး ဖြေကြားသည်။

**အသင်းဝင်ကတ်**

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တပ်နယ်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန် အသင်းဝင်ကတ်နှင့် တံဆိပ် ၃၂၂ ခုကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စုစုလှိုင်ထံသို့ ပေးအပ်ကြောင်း သိရသည်။

**(အမျိုးသမီးရေးရာ)**



မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ပန်း၁၀၀၀ ပူဇော်ပွဲကို မတ် ၁၃ရက်က ဘုရားရင်ပြင်ပေါ်တွင် ကျင်းပရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင်နှင့်အဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ပန်း ၁၀၀၀ကို ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

# ပြည်နယ်အထူးကုဆရာဝန်ကြီးများအဖွဲ့ လူနာများအခမဲ့ကွင်းဆင်းကုသ
# အမျိုးသမီးရေးရာအကြောင်း စကားဝိုင်းပွဲဆွေးနွေး၊ သုတရသ စာအုပ်များလှူဒါန်း

တောင်ကြီး မတ် ၂၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယု၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရှန်ခမ်းတို့ ဦးဆောင်သောအဖွဲ့သည် မတ်၁၂ရက် နံနက်၉ နာရီက ဆီဆိုင်မြို့နယ် နောင်ထောင်ကျေးရွာသို့ရောက်ရှိပြီး နောင်ထောင်ဒေသကျေးလက် ကျန်းမာရေးဌာနခွဲသို့ ဒေါက်တာဗလ ဦးဆောင်သော ပြည်နယ်အထူးကုဆရာဝန်ကြီးများအဖွဲ့က လူနာ၁၈၅ဦးအား အခမဲ့ ကွင်းဆင်းဆေးကုသပေးမှုကို ကြည့်ရှု အားပေးကြသည်။**

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သက်ကြီးဘိုးဘွားများအား ကန်တော့လက်ဆောင်များနှင့် ဆေးဝါးများပေးခြင်းတို့ ဆောင်ရွက်ကြပြီး ကိုယ်ဝန်ဆောင် မိခင်များကို အားဆေးများ ပေးကြသည်။

ဆက်လက်၍ နောင်ထောင်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဉာဏ်ထွန်းက ကျန်းမာရေးဆိုင်ရာများ ဆွေးနွေးပြီး ဒေသခံ တိုင်းရင်းသူတစ်ဦးက ပအိုဝ်းဘာသာဖြင့် ထပ်မံရှင်းလင်း ဆွေးနွေးသည်။

**ပေးအပ်**

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌကအသင်းဖွဲ့စည်းပုံနှင့်တာဝန်များကိုလည်းကောင်း **(အောက်ဝဲပုံ)**၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးရေးရာအကြောင်းကိုလည်းကောင်း စကားဝိုင်း ဆွေးနွေးပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပညာပေးလက်ကမ်းစာစောင်များပေးအပ်သည်။

**ရည်ရွယ်**

ထို့နောက် ကျေးလက်နေ လူကြီးလူငယ်တို့အတွက် အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသော နောင်ထောင်ရွာ မီးအိမ်ရှင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စာအုပ်မျိုးစုံအုပ်၁၅၀၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက စာအုပ်မျိုးစုံ အုပ် ၁၅၀၊ ခရိုင်ဦးစီးအရာရှိ ဦးချိမောင်က သုတ၊ ရသစာအုပ် ၂၂၂အုပ်တို့ကို လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇေက လက်ခံရယူသည်။ **(ခရိုင်ပြန်/ဆက်)**



**ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသောမင်းကန်ပတ်လမ်း ကတ္တရာလမ်းအပိုင်း(၂)၊ (မြို့ပြ)ဖွင့်ပွဲကို မတ် ၁၈ ရက်က နယ်မြေခံ တပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး နေမျိုးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ပြည်တွင်းထုတ်လုပ်အသုံးပြုနိုင်ရေး ဆွေးနွေး

**မန္တလေး မတ် ၂၅**

မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက် ရေးကော်မတီ စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ် အသုံးပြုနိုင်ရေး ဆွေးနွေးပွဲကို မတ် ၁၄ရက် မွန်းလွဲ ၁နာရီက မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးနည်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဦးအောင်ကျော်မြတ်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးနည်းပညာ တက္ကသိုလ်စက်မှုအင်ဂျင်နီယာဌာနမှူး ဦးမောင်မောင်စိုးနှင့် သတ္တုဗေဒဌာန အလုပ်ရုံဌာနမှူး ဒေါ်ညွန့်ညွန့်အေးတို့က နိုင်ငံပိုင်စက်ရုံ၊အလုပ်ရုံနှင့် လုပ်ငန်းဌာနများမှ လိုအပ်သော စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအား ပြည်တွင်းတွင် ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာ တက်ရောက်လာကြသည့် မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် များက သိလိုသည်များကို မေးမြန်း ဆွေးနွေးကြကြောင်း သိရသည်။ **(က-ပ)**



## အမြို့မြို့ အနယ်နယ် သတင်းများ



**ပွင့်ဖြူမြို့နယ် ကံသာကြီး- ကျောင်းတော်ရာ ကျေးလက်အမာခံ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၂၅ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် စည်ပင်)

# အမျိုးသားယဉ်ကျေးမှု စာရိတ္တပညာသင်တန်းဖွင့်

**ပျဉ်းမနား မတ် ၁၆**

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အမျိုးသားယဉ်ကျေးမှုစာရိတ္တပညာသင်တန်းနှင့် နွေဦးအားမာန်သင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ်၁၁ရက် နံနက်၉ နာရီက မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့ပေါ်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြောင်း သိရသည်။ **(ဝ၉၉)**



**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မန်ခါမန်ကျောင်းကျေးရွာလက်တူးတွင်း အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိဦးသက်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်လင်းမောင်တို့ ကွင်းဆင်း ကြပ်မတ်ပေးစဉ်။** (မြို့နယ်စည်ပင်)



**ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဖားကန့်-လုံးခင်းလမ်းမကြီး တစ်လျှောက် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် လက်ထောက် အင်ဂျင်နီယာ (မြို့ပြ) ဦးဇင်မင်းထွန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# (၆၁) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား နေပြည်တော်မြို့တော်၌ ကျင်းပ

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းမြွက်ကြား

## စစ်ကြောင်းကြီးခုနစ်ကြောင်း ချီတက်အလေးပြု တပ်မတော်နေ့မိန့်ခွန်းနာခံ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား၌ စစ်ရေးပြစစ်ကြောင်းကြီးများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၇

**အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ နိုင်ငံတော်၏အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းအင်ပြည့်ဝသော ခေတ်မီတပ်မတော်တည်ဆောက်ရေးဟူသည့် ၂၀၀၆ခုနှစ်(၆၁)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။**

**တက်ရောက်**

အဆိုပါ(၆၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ***စာမျက်နှာ ၆ ကော်လံ ၁*** ●



**မြန်မာ့အလင်း** (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု

❐ တပ်မတော်သည် ခေတ်အဆက်ဆက်၌ နိုင်ငံတော်တွင် အခက်အခဲအကျပ်အတည်း အမျိုးမျိုးနှင့် ကြုံတွေ့ရတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့။

ခေါင်းကြီး (စာ-၂)

❐ စစ်သားကောင်းပီသအောင် သွန်သင်ဆုံးမ ပျိုးထောင် ပေးခဲ့တဲ့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ကျေးဇူးသစ္စာကို စောင့်သိရိုသေစွာဖြင့် တာဝန်ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်နေဆဲဖြစ်။

အုန်းမြင့်(မဟာဝိဇ္ဇာ)၏ ဆောင်းပါး (စာ-၃)

❐ ပြည်သူ့အတွက် သားစစ်သည်

ခွန်ရဲသွေး (အေးသာယာ)၏ ကဗျာ (စာ-၃)

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

## တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ ***စာမျက်နှာ ၄ ကော်လံ ၁*** ■

**နေပြည်တော် သာယာ**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး